ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၂၂ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

**ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် လက်ရှိဘဏ်လုပ်ငန်းစနစ် ပိုမိုအားကောင်းခိုင်မာရေးနှင့် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော စံသတ်မှတ်ချက်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်နိုင်ရေးအတွက် **“ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>(အတွင်းရေးမှူး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့) | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး<br>ကော်မရှင်ရုံး<br>(အတွင်းရေးမှူး၊ ငွေချေးသက်သေခံလက်မှတ်<br>လုပ်ငန်းကြီးကြပ်ရေးကော်မရှင်) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံဘဏ်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအာမခံအသင်း | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်တစ်ဦး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ်တစ်ဦး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ်တစ်ဦး<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အတွင်းရေးမှူး |
| (ဒ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းနှင့်ငွေကြေးခဝါချမှု<br>တိုက်ဖျက်ရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | တွဲဖက်အတွင်းရေးမှူး |

၂။ ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရန်အတွက် နိုင်ငံတကာမှ ဆောင်ရွက်နေသော လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များနှင့်အညီ မိမိနိုင်ငံနှင့်လိုက်လျောညီထွေမှုရှိသော ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီ (Assets Management Company) ဖွဲ့စည်းတည်ထောင်နိုင်ရေးကို လက်ရှိအခြေအနေများပေါ်မူတည်၍ ဖြစ်နိုင်ခြေဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်အကြံပြုတင်ပြရန်၊

(ခ) အဆိုပါကုမ္ပဏီတည်ထောင်ရန် လိုအပ်သည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို လက်ရှိပြဋ္ဌာန်းထားသည့်ဥပဒေများအရ စိစစ်တင်ပြရန်နှင့် ပြင်ဆင်ပြောင်းလဲရမည့်ဥပဒေများရှိပါကလည်း ပြုစုတင်ပြရန်၊

(ဂ) တည်ထောင်မည့် ရရန်ပိုင်ခွင့်စီမံခန့်ခွဲရေးကုမ္ပဏီ (Assets Management Company) ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်နိုင်ရေးအတွက် လေ့လာသုံးသပ်တင်ပြရန်၊

(ဃ) လုပ်ငန်းကော်မတီ၏ တိုးတက်မှုအစီရင်ခံစာကို ၃ လတစ်ကြိမ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ထံ တင်ပြရန်၊

(င) လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများနှင့် လိုအပ်သော ကုန်ကျစရိတ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရန်ပုံငွေမှကျခံသုံးစွဲရန်။

အမိန့်အရ

မအောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး